# ACC Against COVID-19




အစီအစဉ် (၆၂)

## “ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ မပျက်မကွက်သတင်းပေးတိုင်ကြားစို့”

တင်ပြသူ
ဒေါ်ပိုပိုယဉ်
ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်နေရသည်မှာ (၆) လခန့် ကြာမြင့်နေပြီဖြစ်ပြီး
အဆိုပါ အကြပ်အတည်းကာလကို အခွင့်အလမ်းသဖွယ်သဘောထားကာ
စီးပွားရေးနှင့် လူမှုရေးကဏ္ဍအတွင်း ပြစ်မှုကျူးလွန်သူများနှင့် အဂတိလိုက်စားမှုများရှိနေပါသည်။

## အဂတိလိုက်စားမှုဆိုသည်မှာ-

မည်သူမဆို ရာထူး တာဝန်ကို အလွဲ သုံးစားပြု၍ ဖြစ်စေ၊

အခြားနည်းဖြင့် ဖြစ်စေ၊ တစ်စုံ တစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေ နှင့် အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ်

တစ်ဦးတစ်ယောက် အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို ပေးရန် သို့မဟုတ်

ဥပဒေနှင့်အညီ ရထိုက်ခွင့် မရှိသော အခွင့်အရေးကို ပေးရန် သို့မဟုတ်

ဥပဒေနှင့်အညီ ရထိုက်သော အခွင့် အရေးကို မမှန် မကန် ပိတ်ပင်ရန် အတွက် တံစိုး လက်ဆောင်ကို တစ်ဦးတစ်ယောက် အား ပေးခြင်း၊ ပေးရန် အားထုတ် ခြင်း သို့မဟုတ်

တစ်ဦးတစ်ယောက် ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်နှင့် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်နိုင်ရန် ဆောင်ရွက်ရာတွင် အစိုးရဌာနများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်ပင် အရေးကြီးလှပါသည်။ အစိုးရဌာန/အဖွဲ့အစည်းများ၏ သတင်းအချက်အလက် ထုတ်ပြန်မှုအားနည်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှု မရှိခြင်းတို့သည် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းအရာများဖြစ်နေပါသည်။



# BE TRANSPARENT

ထိုသို့ ပွင့်လင်းမြင်သာမှုနည်းပါးခြင်းကြောင့် ယုံကြည်မှုပျက်ပြားစေခြင်းနှင့် တိုင်ကြားသူများအား လုံလောက်သော အကာအကွယ်မပေးနိုင်ခြင်းကြောင့် တိုင်ကြားရန် စိုးရွံ့စိတ်များဖြစ်ပေါ်စေပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီးဖြစ်သော်လည်း ထုတ်ပြန် ကျင့်သုံးသည့် အဆင့်မရောက်သေးသောကြောင့် ထိုသတင်းပေးသူများအတွက် အကာအကွယ်ပေးမှုနှင့် လုံခြုံမှု အားနည်းခြင်းများ ရှိနေပါသည်။

# မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့သည်။

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၃) ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင် အတည်ပြုပြီးဖြစ်ပါသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် အရေးယူခြင်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ကာလတွင် တရားမဝင်သစ်ထုတ်လုပ်မှု၊ ဆေးဝါးအတုပြုလုပ်ရောင်းချမှု၊
စားသောက်ကုန်စျေးနှုန်းမြှင့်တင်ရောင်းချမှုများအပြင် နိုင်ငံဝန်ထမ်းများကြားတွင်လည်း
အဂတိလိုက်စားမှုပြဿနာများ ရှိနေနိုင်ပါသည်။










နိုင်ငံတော်မှ ကဏ္ဍအလိုက် ချေးငွေနှင့်ထောက်ပံ့မှုများပေးရာတွင် သက်ဆိုင်ရာ ပြည်သူများ၏ လက်ဝယ်သို့ အပြည့်အဝ ရောက်ရှိရန် အထူးလိုအပ်ပါသည်။ ထို့ပြင် နိုင်ငံတော်၏ ဘဏ္ဍာငွေများ ထိခိုက်နစ်နာ ဆုံးရှုံးမှု မရှိစေရန် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အပါအဝင် ပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွစွာ စောင့်ကြည့်သတင်းပေးပို့သွားရန် အထူးလိုအပ်ပါသည်။




အများပြည်သူတို့အနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင်

အဂတိလိုက်စားမှုဖြစ်ပေါ်လာလျှင်

တွေဝေဒွိဟဖြစ်မနေဘဲ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့

သတင်းပို့တိုင်ကြားသင့်ပါသည်။

## အများပြည်သူအနေဖြင့် ယခုဖော်ပြထားသော လိပ်စာများသို့ လိပ်မူ၍ အဂတိလိုက်စားမှုများအား တိုင်ကြားနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။




Online မှ တိုင်ကြားစာ ပေးပို့လိုပါက

https://www.accm.gov.mm/ complaint/

သို့ ပေးပို့နိုင်ပါသည်။

| | | |
|---|---|---|
| ရုံးအမှတ်(၅၆) | အမှတ်(၆၂-က)၊ | အမှတ်(၄၀၇)၊ |
| ဇေယျာဌာနီလမ်း | ရွှေတောင်ကြားလမ်း၊ | တမွေဝတီရပ်ကွက်၊ |
| ဥတ္တရသီရိမြို့နယ် | ဗဟန်းမြို့နယ်၊ | ချမ်းမြသာစည်မြို့နယ် |
| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |

# ကိုးကားချက်

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ
- Photos credit >> Internet